"အဘိဓမ္မာဆိုတာ ကိုယ်ထဲမှာရှိတဲ့ စိတ် စေတသိက်တရားတို့၏ အရည်အချင်း သက်ရောက်မှု ဖြစ်စဉ်သဘောတွေကို ရေတွက်ပြခြင်းနဲ့ မဖောက်မပြန် မှန်ကန်သော သဘောတရားများကို အကြွင်းမရှိ ဟောပြတဲ့ လွန်ကဲထူးမြတ်သည့် ပရမတ္ထ ဒေသနာတော် ဖြစ်ကြောင်းများကို နားလည်စေခဲ့ပါတယ်"



ဖွင့်ပွဲ အခမ်းအနား

မုဒုံဆရာတော် နှင့် ဦးဝိသုတ+ဦးတောသန

၃၀.၀၇.၂၀၁၁- စနေနေ့ ညက ပို့ချပေးခဲ့တဲ့ အဘိဓမ္မာဆိုင်ရာ သင်တန်း ပို့ချချက်များကို သင်တန်းပြဆရာတော် ဦးတောသန ပြသပေးခဲ့သည့် မူရင်းများကို ထည့်သွင်းတင်ပြ ပေးလိုက်ပါတယ်။ သင်တန်းသား သင်တန်းသူ (၂၆) ယောက် လေ့လာပါတယ်။ ဆရာတော်၏ ပို့ချပေးချက်မှာ မသိခဲ့ရ မကြားခဲ့ရဘူးသေးတဲ့ အဘိဓမ္မာတရား၏ လွန်ကဲထူးမြတ်ပုံများ၊ နက်ရှိုင်းမှုများ၊ မြန်မာနိုင်ငံ၏ ထေရဝါဒ သာသနာ့ သမိုင်းကြောင်းများနဲ့ ထေရဝါဒ ဗုဒ္ဓဘာသာ - မဟာယာန ဗုဒ္ဓဘာသာတို့၏ သာသနာ ရေသောက်မြစ်များကို နောင်းခေတ် လူငယ်တို့အတွက် အလွန်မှတ်သားထိုက်တဲ့ အချက်များပင် ဖြစ်ပါတယ်။ ဘာသာနဲ့လူမျိုးဆိုတာ ခွဲထားလို့ မရတဲ့အချက်ကိုလဲ နားလည်စေခဲ့သလို ဘာသာတိုင်းမှာ ယဉ်ကျေးမှု ရှိကြောင်း ယဉ်ကျေးသူတိုင်းမှာ ဘာသာတရားကို လေးစားယုံကြည်မှု ရှိကြောင်းများ မှတ်သားစေခဲ့ရပါတယ်။ ဘာသာတရားသည်ပင် လူ့ယဉ်ကျေးမှုကို မျက်မှောက်ဘဝ၌ များစွာအထောက်အပံ့ ဖြစ်စေခဲ့၍ သံသရာ၌လဲ ဘဝကောင်းများ ရောက်ရှိစေနိုင်ခြင်း အထောက်အပံ့ကောင်း ဖြစ်ပုံများကိုလဲ သင်တန်း တက်ရောက်ရခြင်း၏ ကျေးဇူးများ သိရှိနားလည် စေခဲ့ပါတယ်။

အဘိဓမ္မာဆိုတာ ကိုယ်ထဲမှာရှိတဲ့ စိတ် စေတသိက်တရားတို့၏ အရည်အချင်း သက်ရောက်မှု ဖြစ်စဉ်သဘောတွေကို ရေတွက်ပြခြင်းနဲ့ မဖောက်မပြန် မှန်ကန်သော သဘောတရားများကို အကြွင်းမရှိ

ဟောပြတဲ့ လွန်ကဲထူးမြတ်သည့် ပရမတ္ထဒေသနာတော် ဖြစ်ကြောင်းများကို နားလည်စေခဲ့ပါတယ်။ ဘုရားဟော ဒေသနာတော် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် (၈၄၀၀၀) ထဲမှာ အဘိဓမ္မာဆိုတာ လေးသောင်းနှစ်ထောင် (၄၂၀၀၀) ပါဝင်၍ အရေအတွက်အားဖြင့် များပုံ၊ သုတ္တန်ပိဋကတ် ဝိနယပိဋကတ်တို့နှင့် ဟောသည့်နေရာ ဟောကြားပုံစနစ် မတူညီမှုတို့ကိုလဲ ဒီသင်တန်းမှာ သိရှိခွင့် ရစေခဲ့ပါတယ်။

(၁) ပရမတ္ထတရားများကို (ဒုက-တိက) မာတိကာအလိုက် ရေတွက်ဟောပြသော ဓမ္မသင်္ဂဏီကျမ်း။ (၂) ပရမတ္ထတရားများကို အကျယ်ဝေဖန် ဟောပြသော ဝိဘင်းကျမ်း။ (၃) ခန္ဓာ(၅)ပါး၊ အာယတန(၁၂)ပါး၊ ဓာတ်(၁၈)ပါး သစ္စာ(၄)ပါးအားဖြင့် ဝေဖန်ဟောပြသော ဓာတုကထာကျမ်း။ (၄) ပညတ်တရားများကို ဟောပြသော ပုဂ္ဂလပညတ်ကျမ်း။ (၅) အယူဝါဒရေးရာနှင့် ပတ်သက်ပြီး ဟောပြသော ကထာဝတ္ထုကျမ်း။ (၆) ပရမတ္ထတရားများကို အစုံလိုက် ဟောပြသော ယမိုက်ကျမ်း။ (၇) အကြောင်း အကျိုးဆက်ပုံများကို ဟောပြသော ပဋ္ဌာန်းကျမ်းအားဖြင့် အဘိဓမ္မာမှာ (၇)ကျမ်းရှိတယ်လို့ ဆိုပါတယ်၊ ထိုကျမ်းများကို လေ့လာသိရှိနိုင်ဖို့ သင်ကြားဖို့ရာမှာ အလွန်ခက်ခဲတဲ့ သူများအတွက် အဘိဓမ္မာသင်တန်းကို တက်ရောက် လေ့လာခြင်းဖြင့် အဘိဓမ္မာ (၇)ကျမ်းကို အကျဉ်းချုံ့ နားလည်စေမှာ ဖြစ်ကြောင်းကို ရှင်းပြပေးပါတယ်။

ဗုဒ္ဓဘာသာ၏ အနှစ်သည် အဘိဓမ္မာဆိုတာကို လူငယ်တို့ အထူးသိစေလိုပါတယ်၊ နိုင်ငံရပ်ခြား ရောက်နေတဲ့ လူငယ်များအတွက် မပင်မပန်း သက်သက်သာသာနဲ့ မိမိဘာသာတရား၏ အတိမ်အနက်ကို သိရှိနားလည်စေခဲ့ပြီး ဗုဒ္ဓဘာသာဆိုတာ ဘာလဲ၊ ဗုဒ္ဓဘာသာ၏ အနှစ်သာရက ဘာလဲလို့ သိလိုသူများ မေးလာခဲ့လျှင် ဒီသင်တန်း တက်ရောက်လေ့လာခြင်းဖြင့် အခက်အခဲမရှိ ဖြေဆိုနိုင်လိမ့်မည် ဖြစ်ပါတယ်။ အဘိဓမ္မာ မတတ်သေးလျှင် လူတိုင်းသည် ကိုယ့်ကိုယ်ကို မကြည့်၊ သူတပါးကိုသာ ကြည့်၏။ သူတပါး၏ ရုပ်ဆင်းအင်္ဂါနှင့် စိတ်ကို သုံးသပ်၏ မိမိကိုယ်နှင့် စိတ်ကို မသုံးသပ်။ သူတပါး၏ သဘောကိုသာ လေ့လာ၏ မိမိကိုယ်ကို မလေ့လာ။ သူတပါး၏ အပြစ်ကိုသာ ရှာဖွေ၏ မိမိ၏ အပြစ်ကို မရှာဖွေ။ ထိုသို့ရှာဖွေရာ၌ အပြစ်များစွာတွေ့လျှင် ထိုသူကို စက်ဆုတ် ရွံမုန်း၏။ ဤသည်ကား မမှန်သော အမြင်၊ မမှန်သော သုံးသပ်ခြင်း မမှန်သော ရှာဖွေမှုသာ ဖြစ်သဖြင့် မျက်မှောက်ဘဝ၌လည်း ကောင်းကျိုးချမ်းသာ မရနိုင်သလို၊ သံသရာ၌လည်း ကောင်းကျိုးချမ်းသာကို မဖြစ်စေနိုင်ပါ။

အဘိဓမ္မာတတ်လျှင် သူတပါးကို မကြည့်တော့၊ မိမိကိုယ်ကိုသာ ကြည့်သည်။ သူတပါး၏ ရုပ်ဆင်းအင်္ဂါနှင့် စိတ်ကို မသုံးသပ်၊ မိမိကိုယ်နှင့် စိတ်ကိုသာ သုံးသပ်၏။ သူတပါး၏ သဘောကိုသာ မလေ့လာ၊ မိမိကိုယ်ကိုသာ လေ့လာသည်။ သူတပါး၏ အပြစ်ကို မရှာဖွေ၊ မိမိ၏ အပြစ်ကိုသာ ရှာဖွေသည်။ ထိုသို့ရှာဖွေရာ၌ အပြစ်များစွာတွေ့လျှင် စက်ဆုတ် ရွံမုန်းခြင်းသည် ဖြစ်၏၊ သို့သော် ရုပ်အစု နာမ်အစုတို့၏ အလိုတိုင်း ဖြစ်တတ်သည့် သဘောကို၊ အဘိဓမ္မာတရားနှင့် သုံးသပ်၍ အမှန်ကိုသာ သိလျက်ဖြစ်သည်။ ဤသည်ကား မှန်သော အမြင်၊ မှန်သော သုံးသပ်ခြင်း သဘောသာ ဖြစ်ပေသည်။ မျက်မှောက်ဘဝ၌ ကောင်းကျိုးချမ်းသာကို ရနိုင်သလို သံသရာ၌လဲ ကောင်းကျိုးချမ်းသာကို ဖြစ်စေပါတယ်။

ဤသို့သော ရလဒ်များစွာကြောင့် အဘိဓမ္မာ တတ်ဖို့လိုသည်၊ သိဖို့လိုသည်၊ သိရန်တတ်ရန် နားလည်ရန် မိမိဘဝအတွက် အချိန်နဲနဲ ပေးကြပါလို့ တိုက်တွန်းလိုပါတယ်၊ အဘိဓမ္မာတတ်လျှင် ဘဝသည်မြတ်၏။

မတတ်လျှင် မမြတ်၊ အဘိဓမ္မာ သင်ကြားရခြင်း လေ့လာရခြင်း၏ အနှစ်သာရကို လူငယ်တိုင်း သိစေလိုတဲ့ စေတနာဖြင့် လန်ဒန်ဝိဟာရကျောင်း၌ အဘိဓမ္မာသင်တန်းကို လူကြီးလူငယ်တို့အတွက် ပို့ချပေးနေပြီ ဖြစ်ကြောင်း တင်ပြပေးလိုက်ပါတယ်။

သတ္တဝါမှန်သရွေ့ တရားတွေ့ ချမ်းမြေ့သာယာ ရှိကြပါစေ။

လေးစားစွာဖြင့်... ကျနော် ဘုန်းသျှံ

၃၁-၀၇-၂၀၁၁။